
လူထုဗဟိုပြုစီမံကိန်း




## We share, respect and value domestic works
## တို့အားလုံး အတူတူတန်ဖိုးထားပြီး အတူတကွ မျှဝေထမ်းဆောင်ကြပါစို့...

အမျိုးသမီးများနှင့် အမျိုးသားများသည် မိမိတို့ပတ်ဝန်းကျင်တွင်ရှိသော မိသားစု၊ လူမှုအသိုင်းအဝန်းများက လိင် (ဖို၊ မ သဘာဝ) ကွဲပြားမှုအလိုက် သွန်သင်ဆုံးမလာခဲ့ခြင်းကြောင့် ၎င်းတို့၏ အခန်းကဏ္ဍများသည် သဘာဝက သတ်မှတ်ထားသကဲ့သို့ ကွဲပြားလာကြသည်။ ထိုသတ်မှတ်ထားသော စံနှုန်းများ နှင့် ရှေးရိုးစွဲအယူအဆအချို့သည် အမျိုးသမီးများအပေါ် ခွဲခြား ဆက်ဆံမှုများကို ဖြစ်ပေါ်စေနိုင်သည်။

ကျား-မကွဲပြားမှုသည် အရေးကြီးသောအရာမဟုတ်ဘဲ ထိုကွဲပြားမှုအပေါ်တွင် မခွဲခြားရန်သာ အရေးကြီးသောကြောင့် ထိုအတွေးအခေါ်အယူအဆများကို ပြောင်းလဲရန် လိုအပ်ပါသည်။ သို့မှသာ အမျိုးသား၊ အမျိုးသမီးကြား အပြန် အလှန်လေးစားပြီး အိမ်တွင်း/အိမ်ပြင်တာဝန်များကို ခွဲဝေလုပ်ဆောင်လာနိုင်မည် ဖြစ်သည်။







## We share, respect and value of paid-works
## တူညီသောအလုပ်အတွက် တူညီသောလုပ်ခ ခံစားခွင့်အပေါ် တန်းဖိုးထားမျှဝေကြပါစို့...

တစ်ခါတစ်ရံတွင် အမျိုးသမီးများ လုပ်ဆောင်သော အလုပ်များကို တန်ဖိုးနည်းသည်ဟုသတ်မှတ်တတ်ကြပြီး အမျိုးသားများနည်းတူ လုပ်ခတန်းတူ မပေးသင့်ဟူသော အစွဲများ၊ ယုံကြည်မှုများ ကိန်းအောင်းလျက် ရှိသည်။

သို့သော် လူထုဗဟိုပြုစီမံကိန်းတွင် တူညီသောအလုပ်အတွက် တူညီသောလုပ်ခ ခံစားခွင့်ရရှိစေရမည် ဟူသောမူကို ချမှတ်အကောင်အထည်ဖေါ်ဆောင်ရွက်လျှက်ရှိသည်။ ထို့ကြောင့် မည်မျှပင်ခက်ခဲစေကာမူ အမျိုးသမီးများ ပါဝင်လုပ်ကိုင်နိုင်သည့် လုပ်ငန်းများစီစဉ်ဖန်တီးပေးရန်၊ အမျိုးသားများနှင့် တန်းတူအခွင့်အရေးပေးရန်နှင့် လိုအပ်ပါက မိသားစုလုပ်ငန်းများ ထိခိုက်မှုမရှိစေရန် အလုပ်ချိန်လျှော့ချပေးခြင်း တို့ကိုလည်း လုပ်ဆောင်ရန် လိုအပ်သည်။





## We share, respect and value equal participation and representation
## တို့အားလုံး ပါဝင်လို့ ကိုယ်စားပြုလုပ်ဆောင်ကြပါစို့...

အမျိုးသမီးများသည် အိမ်တွင်းမှုနှင့် ကလေးသူငယ်ပြုစုရေးအပြင် တစ်ခါတစ်ရံတွင် ဝင်ငွေရသောလုပ်ငန်းများဖြင့် အချိန်ကုန်နေကြရသောကြောင့် စီမံကိန်း၏ အရေးကြီးသော ဆုံးဖြတ်ချက်ချသည့် အခန်းကဏ္ဍများတွင် ပါဝင်လာရန် ခက်ခဲနေပေလိမ့်မည်။

ထို့ကြောင့် လူထုဗဟိုပြုစီမံကိန်းက အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်စေရန် အမျိုးသမီးများမှ ရွေးချယ်သောစီမံကိန်းများ အကောင်အထည်ဖေါ်ဆောင်ရွက်ခြင်း၊ အမျိုးသမီးခေါင်းဆောင်များရွေးကောက်ခြင်းနှင့် စီမံကိန်းအဆင့်တိုင်းတွင် အမျိုးသမီးများ၏အကြံဉာဏ်များကို ထည့်သွင်းစဉ်းစားခြင်းတို့ကို ဆောင်ရွက်လျှက်ရှိသည်။

အရေးကြီးသည်မှာ အမျိုးသား အမျိုးသမီးကြား အပြန်အလှန် လေးစားတန်ဖိုးထားပြီး ပူးပေါင်းဆောင်ရွက်မှသာလျှင် အမျိုးသမီးခေါင်းဆာင်များ ပိုမိုပေါ်ထွက်လာနိုင်မည်ဖြစ်သည်။

